## နှောင်းတာမြေမြေ (စာပေဗိမာန် ဝတ္ထုရှည် ပထမဆု)

အချစ်ရေးနှင့် စစ်ရေးတို့တွင် သတ္တိရှိရမည်ဟူသော သင်ခန်းစာပြ ဝတ္ထုဖြစ်သည်။

လူသတ်ရဲတိုင်း၊ အသေခံရဲတိုင်း သတ္တိဟုမခေါ်နိုင်သကဲ့သို့ မိမိ စွဲလမ်းတပ်မက်သောသူတစ်ဦး၏ အချစ်ကို အနိုင့်အထက် လုယက်တိုက်ခိုက်ရယူခြင်းကိုလည်း သတ္တိဟု မခေါ်ထိုက်ကြောင်း၊ သတ္တိဟူသည်မှာ မှန်မြတ်သော၊ ကိုယ်ကျိုးမငဲ့သော၊ စစ်မှန်သော၊ သန့်စင်သော အကျင့်အကြံသာလျှင် ဖြစ်ထိုက်ကြောင်းဖြင့် ဓာတ်လမ်းဆင်ထားသည်။ မည်သို့ မှန်မြတ်ရမည်၊ မည်သို့ ကိုယ်ကျိုးမငဲ့ရမည်၊ မည်သို့ စစ်မှန်ရမည်၊ မည်သို့ သန့်စင်ရမည်တို့ကို ဗမာ့တပ်မတော်ဆေးတပ်မှ ဆရာဝန် ဗိုလ်ကြီးသက်မွန်နှင့် ခင်ခင်လေးတို့အား မဏ္ဍိုင်ပြု၍ ဓာတ်လမ်းဖွဲ့ကာ တင်ပြထားသည်။

သားသမီးကောင်း၊ ယောကျ်ားကောင်း၊ စစ်မှုထမ်းကောင်း၊ ဆေးဝန်ထမ်းကောင်း ပီသသော အမျိုးသားနှင့် လိမ္မာရေးခြားရှိ၍ သစ္စာရှိရှိ မိန်းမကောင်းပီသသော အမျိုးသမီးတို့၏ စစ်မှန်သောမေတ္တာကို ရေးဖွဲ့ထားသည်။

**ဒဂုန်ရွှေမျှား**
**(မြန်မာနိုင်ငံ စာပေဆုများမှ)**